ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်

# ပါတီရေးရာစာစောင်

- အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊
- ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန်၊
- ဒီမိုကရေစီစနစ် ထူထောင်ရန်။



အတွဲ၊ ၁ အမှတ် ၂။ ဇွန်လ၊ ၂၀၁၂–ခုနှစ်

## ပါတီအာဘော်

### တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် မြန်မာနိုင်ငံအစိုးရတွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်များ လေ့လာသုံးသပ်ခြင်း

၂၀၁၁–ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ တိုင်းရင်းသားလက်နက်ကိုင်များ နှင့်တွေ့ဆုံရန် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ထိုင်း–မြန်မာနယ်စပ် တနေရာသို့ရောက်ရှိလာရာ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများဖြစ်သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီတိုးတက်ရေးပါတီ (KNPP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့နှင့် အလွတ်သဘော တွေ့ဆုံခဲ့ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းမှ “နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရန်၊ အနာဂါတ်တွင်တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပင်လုံကဲ့သို့သောညီလာခံကျင်းပရန်နှင့် ၂၀၁၂–ခုနှစ်၊ မေလ(၂၁)ရက်နေ့ DVB နှင့် ဆက်သွယ်မေးမြန်းခန်းတွင် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် အစည်းအဝေးကြီးတရပ်ကို နေပြည်တော်၌ ကျင်းပရန်” တို့ကို ပြောဆိုသွားခဲ့သည်။ ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ၂၀၁၂–ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆–၂၈) ရက်နေ့များတွင်ပြုလုပ်သည့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုအားလုံးနီးပါး တက်ရောက်သည့်အစည်းအဝေးကြီးတွင် တမျိုးသားလုံးဆိုင်ရာ သဘောတူညီချက်ရရှိရေး ပင်လုံကဲ့သို့သောညီလာခံ လုပ်ငန်းစဉ်များချမှတ်ခဲ့ရာတွင် “တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၊ နိုင်ငံရေးပါတီများ၊အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တိုင်းရင်းသားလူမှု အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိုးရတို့အကြားဆွေးနွေးရေး” ကိုပြုလုပ်သွားရန် ဆုံးဖြတ်ချမှတ်ခဲ့ကြသည်။ ၂၀၁၂–ခုနှစ် ဧပြီလ(၁၉) ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင်တပ်ပေါင်းစုကြီးဖြစ်သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ သတင်းစာရှင်းလင်းပွဲတခုပြုလုပ်ရာတွင် (UNFC)နှင့် မြန်မာနိုင်ငံအစိုးရတို့အကြားဆွေးနွေးမှုများမှတဆင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့ အစည်းများအားလုံးပါဝင်သောဆွေးနွေးပွဲ” ကျင်းပသွားရန် ပြောဆိုသွားခဲ့သည်။လက်ရှိပြုလုပ်လျက်ရှိသည့် တွေ့ဆုံ ဆွေးနွေးရေးဖြစ်စဉ်များကို လေ့လာကြည့်ပါက တိုင်းရင်းသားလူမျိုးစုများအပါအဝင် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရ၏ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အားလုံးတို့၏ ဘုံဦးတည်ချက်သည် ပြည်သူ့အလွှာပေါင်းစုံတိုင်းရင်းသားအင်အားစုများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးမှု (သို့) အစည်းအဝေးကြီးတရပ် ကျင်းပရေးပင်ဖြစ်သည်။ ၂၀၁၂–ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရမှ အမိန့်အမှတ်– ၁၁/၂၀၁၂ နှင့် ၁၂/၂၀၁၂ တို့ကို ထုန်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် တိုင်းရင်းသားလက်နက်ကိုင် အားလုံးပါတီထောင်၍ရွေးကောက်ပွဲဝင်ရန်၊ အခြေခံဥပဒေအား လက်ခံ၍ ပြင်ဆင်လိုသည့်ကိစ္စရပ်များအား လွှတ်တော်အတွင်းမှ ပြုပြင်ရန်နှင့် တခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အသွင်ပြောင်းရန်တို့ပါရှိလာသည်။ သို့သော်လည်း သမ္မတရုံးမှ အမည် မဖော်လိုသူတဦးက “အစိုးရအနေဖြင့်၄င်းတို့ သက်တမ်းမကုန်မှီကာလတွင် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်နိုင်အောင် ရည်ရွယ်ထားသည်”ဟု ပြောကြားခဲ့သည်နှင့် ပြည်ထောင်စု ဝန်ကြီးဦးအောင်မင်း တို့ပြောကြားသည့် အချက်များကို ထောက်ရှု ပါက လွှတ်တော်ပြင်ပ၌ နိုင်ငံရေးဆွေးနွေးပွဲမှတဆင့် ရရှိထားသည့် သဘောတူညီချက်အား လွှတ်တော်သို့ တင်သွင်း၍ပြု ပြင်သင့်သည်များကို ပြုပြင်သွားရေးဆီသို့ဦးတည်နေသည်ဟု ယူဆရသည်။

မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့အကြား ဘုံသဘောတူညီချက်ရရှိထားသည့်အချက်များကို သုံးသပ်ရမည်ဆိုလျှင် နှစ်ဖက်ရန်လိုတိုက်ခိုက်မှုများရပ်စဲရေးသဘောတူညီမှုရယူခြင်း၊ နှစ်ဘက်တပ်စခန်းများနှင့် နယ်နမိတ်များ သတ်မှတ်ခြင်းနှင့် ပတ်သက်သည့် သဘောတူညီမှုရယူခြင်း၊ နှစ်ဘက်လက်နက်ကိုင်တပ်ဖွဲ့များလက်နက်မပါဘဲ ပြည်ထောင်စုတဝန်းလုံး လွတ်လပ်စွာသွား လာခွင့်ရယူခြင်း၊ နှစ်ဦးနှစ်ဖက် သဘောတူညီထားသော သတ်မှတ်နေရာများမှအပ နယ်မြေကျော်လွန် လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းရယူခြင်း၊ အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း ပြည်သူလူထု၊ တိုင်းရင်းသားနိုင်ငံရေးပါတီ အစရှိသည်များနှင့် ထိတွေ့ဆက်ဆံခွင့်၊ ဆွေးနွေးခွင့်များ ရယူခြင်း၊အပစ်ရပ်ကာလအတွင်း ပြည်သူလူထု၏ လုံခြုံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမရှိစေရေး သဘောတူညီမှုရယူခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့၏ စောင့်ကြည့်အကဲခတ်မှုခွင့်ပြုရန် သဘောတူညီမှု ရယူခြင်း၊နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်ပြုလုပ်ရန်သဘောတူညီမှုရယူခြင်း၊ ပြည်တွင်း ပြည်ပရှိ ပရဟိတလုပ်ငန်းများ လုပ်ဆောင်သည့်အဖွဲ့များအနေဖြင့် ပြည်တွင်း၌ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး တည်ဆဲဥပဒေနှင့်အညီ လမ်းဖွင့်ပေးထားခြင်းများအပြင် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အထူးစီးပွားရေးဇုံများ ပြုလုပ်ရေးတို့ ပါဝင်သည်။ ဤသဘောတူညီချက်များအား စတင်အကောင်အထည်ဖော် လုပ်ဆောင်သည် နှင့် တပြိုင်နက်နိုင်ငံရေး ဆွေးနွေးပွဲဆီသို့တက်လှမ်းနိုင်ကြတော့မည်ဟုယုံကြည်မျှော်လင့်ရသည်။

ထိုသို့နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်ရာတွင် လူမျိုးစုတစုချင်း (သို့) တဖွဲ့ချင်းဆွေးနွေးမှုပြုလုပ်လျှင် ပိုမိုပြည့်စုံသော အခြေခံသဘောတူညီချက်များ ရရှိလိမ့်မည်ဟုတချို့ကဆိုသည်။ တချို့ကမူတိုင်းရင်းသားအားလုံးစုပေါင်း၍ ပင်လုံညီလာခံကဲ့သို့သော ညီလာခံမှသဘောတူညီချက် ချမှတ်သင့်သည်ဟုဆိုသည်။ **UNFC** ၏မူတွင် ပဏာမ တွေ့ဆုံဆွေးနွေးရေးနှင့်အပစ် အခတ်ရပ်စဲရေးပြုလုပ်သည်အထိ အဖွဲ့ဝင်အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်ပေးထားပြီး နိုင်ငံရေးအရဆွေးနွေးမှုကိုမူ တပ်ပေါင်းစုဖြင့်ဆွေးနွေးမည်ဟုဆိုသည်။ ၂၀၁၂–ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆–၂၈) ရက်နေ့များတွင်ပြုလုပ်သည့်တိုင်းရင်းသားလက်နက်ကိုင်အင်အားစုအားလုံးနီးပါး တက်ရောက်သည့်အစည်းအဝေးကြီးတွင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် ပြည်ထောင်စုအစိုးရ ပဏာမနိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် သက်ဆိုင်ရာတိုင်းရင်းသားလူထုဆွေးနွေးပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ ပြည်သူလူထု၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တိုင်းရင်းသားလူမှုအဖွဲ့ အစည်းများ ဆွေးနွေးပွဲများမှတဆင့် ပင်လုံကဲ့သို့သော ညီလာခံကြီးကျင်းပရေးကို ဦးတည်ဆွေးနွေးခဲ့ကြသည်။ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများအနေဖြင့် မြန်မာအစိုးရနှင့် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးရာတွင် နိုင်ငံရေး ဆွေးနွေးမှုများပြုလုပ်ရေးကို သဘောတူညီခဲ့ကြ သော်လည်း မွန်ပြည်သစ်ပါတီမှလွဲ၍ ကျန်အဖွဲ့အစည်းများက အားလုံးပါဝင်သည့် တွေ့ဆုံ ဆွေးနွေးမှုပြုလုပ်ရေးကိုရည်ညွှန်းသည့် သဘောတူညီချက်လက်မှတ်ရေး ထိုးထားခြင်းမျိုးမရှိပေ။ မြန်မာအစိုးရဖက်ကတရားဝင် ထုတ်ပြန်ထားသည့်အမိန့် စာတွင် တိုင်းရင်းသားအားလုံးနှင့် တွေ့ဆုံဆွေးနွေးရေးမပါရှိပေ။ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၏ ပြောကြားချက်များတွင် နိုင်ငံရေးဆွေးနွေးပြီး သင့်တော်သည့်တချိန်တွင် အားလုံးပါဝင်သည့် အစည်းအဝေးကြီးတရပ် ပြုလုပ်ရန်သာပါရှိသဖြင့် တဖွဲ့ချင်း နိုင်ငံရေးဆွေးနွေးပြီးမှသာ ယင်းဆွေးနွေးမှုများအား စုပေါင်း၍အားလုံးပါဝင်သည့် အစည်းအဝေးကြီးတွင် သဘောတူညီမှုရယူမည့်အနေအထား မျိုးဖြစ်နေသည်။ တဖက်တွင်မြန်မာနိုင်ငံအတွင်း ဖြစ်ရှိနေသည့် တိုင်းရင်းသားလူမျိုးစုရေးရာများကိုဆန်းစစ်ကြည့်ပါက လူမျိုးစုတစုအတွင်းရှိ မျိုးနွယ်စုဆိုင်ရာများ၊ ဆန္ဒသဘောထားများ၊ ပြည်ထောင်စုတည်ဆောက်လိုပုံချင်းများ၊ ပြည်နယ်နယ်နမိတ်ကိစ္စရပ်များ၊ လူမျိုးစုစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာများစသည်တို့သည် မြန်မာအစိုးရနှင့် လူမျိုးစုတစုချင်းစီအကြားသီးခြားဆွေးနွေးရမည့် နိုင်ငံအရေးကိစ္စရပ်များဖြစ်သည့်အတွက် သီးခြားတွေ့ဆုံ ဆွေးနွေးသင့်သည်။ သို့သော် ပြည်ထောင်စုတခုလုံးနှင့်စပ်ဆိုင်သည့်ကိစ္စရပ်များဖြစ်သည့် နိုင်ငံတော်တည်ဆောက်ပုံ၊ပြည်ထောင်စုဖွဲ့ စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာများ၊ တခုတည်းသောတပ်မတော်ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားအားလုံးနှင့်သက်ဆိုင်သည့်လူမျိုးရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်၏ အနာဂါတ် မြန်မာ့ နိုင်ငံရေးအခန်းကဏ္ဍတွင် မည်သို့မည်ပုံပါဝင်မည် ဟူသည့်ကိစ္စရပ်များကိုအားလုံး စုပေါင်း၍ဆွေးနွေးသင့်ပေသည်။

ထို့ကြောင့် အချိန်ကိုထိထိမိမိ အသုံးပြုနိုင်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးမှ အကျိုးရလဒ်ကောင်းများ လျှင်မြန် စွာထွက်ပေါ်လာနိုင်ရေးအတွက် တိုင်းရင်းသား တဖွဲ့ချင်းစီနှင့်ဆွေးနွေးသင့်သည့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်စဉ် များကို အလျှင်အမြန် ပြုလုပ်သင့်ပြီး ပြည်ထောင်စုတခုလုံး၊တိုင်းရင်းသားတရပ်လုံးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအား စုပေါင်း၍တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်းတိုက်တွန်းရေးသားအပ်ပေသည်။

## ချင်းအမျိုးသားတပ်ဦးနှင့်ပြည်သူ့တော်လှန်ရေး

ချင်းအမျိုးသားတပ်ဦးသည် မြန်မာပြည်၏အခြေခံနိုင်ငံရေးပြဿနာကြီး (၂)ရပ်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများအကြား တန်းတူညီမျှမှုမရှိသည့်ပြဿနာနှင့် ဒီမိုကရေစီရေးဆိတ်သုဉ်းမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးကို ၁၉၈၈ခုနှစ်၊မတ်လ(၂၀)ရက်နေ့တွင် စတင်ခဲ့သည်။ ဤ အခြေခံနိုင်ငံရေးပြဿနာဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးများအကြား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် မြန်မာပြည်တွင်း ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ထူထောင်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ်ချမှတ်ကာ တစိုက်မတ်မတ် တော်လှန်တိုက်ပွဲဝင်လာခဲ့သည်။

ချင်းအမျိုးသားတပ်ဦးသည်ပြည်သူတရပ်လုံး၏ရပိုင်ခွင့်အတွက်တော်လှန်တိုက်ပွဲဝင်ရာတွင် ပြည်သူ့ တော်လှန်ရေးကို အခြေခံသောလမ်းစဉ်ကိုကိုင်စွဲထားပေသည်။ ချင်းအမျိုးသားများသည် မိမိတို့နယ်မြေဒေသအလိုက်၊ရွာသူကြီး၊ တိုက်သူကြီး အုပ်ချုပ်မှုအောက်တွင် အမည်နာမ ကွဲပြားမှုမျိုးစုံရှိခဲ့သော်လည်း ချင်းဟူသောအမည်နာမအောက်တွင် စုစည်းမှုပြုလုပ်နိုင်ခဲ့ကြခြင်းသည် ကြီးမားမြင့်မြတ်သောစွမ်းဆောင်နိုင်မှုဖြစ်ပြီး အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးအတွက် အဓိကကျသောအချက် တရပ်လည်းဖြစ်သည်။ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးနိုး ကြားမှုကြောင့် ၁၉၄၈–ခုနှစ်တွင် ဖလမ်းမြို့၌ ချင်းအမျိုးသားညီလာခံကြီးကျင်းပခဲ့ပြီး တိုက်သူကြီး၊ ရွာသူကြီး အုပ်ချုပ်ရေးစနစ်ကိုအဆုံးသပ်စေနိုင်သည်သာမက ချင်းအမျိုးသားများ၏ဂုဏ်ထူးဝိသေသကို ဖော်ကျူးသည့် "ချင်းအမျိုးသားနေ့" ဖြစ်ပေါ်လာသည်အထိ စွမ်းဆောင်နိုင်ခြင်းသည် ပြည်သူတရပ်လုံး၏ အမျိုးသားရေးနိုးကြားမှုနှင့် တာဝန် သိမှုကြောင့်ပင်ဖြစ်သည်။ ၁၉၈၈–ခုနှစ်တွင် တပါတီအာဏာရှင်စနစ် ဖြစ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖြုတ်ချနိုင်ခဲ့ခြင်းသည်လဲပြည်သူလူထု၏ ညီညွတ်မှုအင်အားနှင့် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားမှုကြောင့်ဖြစ်သည်။ ပြည်သူ့စွမ်းအားမပါဘဲ ဤသို့သော ကြီးမားသည့် ပြောင်းလဲမှုကြီးများ ဖြစ်ပေါ် လာနိုင်မည်မဟုတ်ပေ။

ချင်းအမျိုးသားတပ်ဦးသည် ၎င်း၏ရည်မှန်းချက်ပန်းတိုင်ရောက်ရှိနိုင်ရေးနှင့် စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒအဆုံးတိုင်တိုက်ဖျက်နိုင်ရေးအတွက် ချင်းအမျိုးသားများနှင့် ချင်းလဲန်ပြည်သူများ၏ သွေးစည်း ညီညွတ်မှုအင်အားကို အဓိကအင်အားအဖြစ်ယုံကြည်ခံယူထားပေသည်။ ချင်းအမျိုးသား တပ်ဦးဆင်နွှဲ နေသောအမျိုးသားခုခံရေးစစ်ပွဲသည် ချင်းအမျိုးသားများ၏ ဂုဏ်အင်လက္ခဏာ များဖြစ်သည့် စာပေ၊ ယဉ်ကျေးမှု၊ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ မတိမ်ကော၊မပပျောက်ရေးအတွက်သာမက လူဦးရေအရ လွှမ်းမိုးဝါးမျိုမှုမခံရရေးအတွက် ဆင်နွှဲ နေသောတရားသည့် ခုခံရေးစစ်ပွဲဖြစ်သည်။ ထို့အပြင် ချင်းအမျိုးသားများနှင့် ချင်းလဲန်ပြည်သူများ၏ မူလအခွင့်အရေးနှင့်ရပိုင်ခွင့်ဖြစ်သော လွတ်လပ်မှု (Freedom)၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (Sovereignty) နှင့် ဒီမိုကရေစီ အခြေခံအခွင့်အရေး (Democracy Fundamental Rights)များ ကိုပြန်လည် ရရှိခံစားနိုင်ရေးစသည့် အခွင့်အရေး အတွက် တိုက်ပွဲဝင်ရာတွင် ပြည်သူ့တော်လှန် ရေးလမ်းစဉ်ကိုကိုင်စွဲလျှက် တစိုက်မတ်မတ် လှုပ်ရှား တိုက်ပွဲဝင်လာခဲ့ပေသည်။ ဤပြည်သူ့တော်လှန်ရေးလမ်းစဉ်အရ ချင်းအမျိုးသားများနှင့် ချင်းလဲန် ပြည်သူများ အနေဖြင့် ချင်းအမျိုးသားရေးတာဝန်ထမ်းဆောင်ရန်တာဝန်ရှိပေသည်။ ဤတာဝန်သည် တဦးတယောက်၊ တဖွဲ့တပါတီ၊ မျိုးနွယ်စုတခု၊ဘာသာရေးအဖွဲ့ တရပ်စသည်တို့၏လှုံ့ဆော်မှု၊ တာဝန်ပေးမှု၊ တိုက်တွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် တာဝန်မဟုတ်ဘဲ ချင်းအမျိုးသားဖြစ်မှုနှင့် ချင်းပြည်သူ ဖြစ်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့်ပုခုံးပြောင်းတာဝန်တရပ်၊အမျိုးသားရေးတာဝန်တရပ်ပင်ဖြစ်သည်။ တာဝန်သိသော၊သူ့ကျွန်မခံလိုသော၊ လွတ်လပ်လိုသော၊ယဉ်ကျေးသောလူမျိုးတိုင်းက

ရုပ်ဝတ္ထုပစ္စည်းအားဖြင့်လည်းကောင်း၊ စိတ်ဓါတ်ရေးရာအရင်း၊ လိုအပ်လာလျှင် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင် စတေး၍ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။

ယနေ့ချင်းအမျိုးသားများနှင့်ချင်းပြည်သူများ၏ ပကတိအခြေအနေသည် ဗမာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်၏ ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း (၆၀)ကျော် ခါးစည်းခံခဲ့ကြရသည်။ ယခုတဖန် ဗမာလူမျိုးကြီးစိုးရေးနှင့် စစ်အာဏာရှင် စနစ်တည်မြဲရေးကို အာမခံချက်ပေးသည့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးစုများအပါအဝင် ချင်းအမျိုးသားများနှင့်ချင်းပြည်သူများအား ဖိနှိပ်မှုပြုလုပ်ရန်ဆိုင်းပင်းလျှက်ရှိနေကြပေသည်။ ၂၀၁၀–ခုနှစ် ရွေးကောက်ပွဲသည် လည်းစစ်တပ်အား တရားဝင်ဖြစ်ရေး အတွက်မှလွဲ၍ထူးခြားသော ပြောင်းလဲမှု ဖြစ်ပေါ်နိုင်စရာအကြောင်းမရှိပေ။ စစ်တပ် အမတ်များ၊ စစ်ဝတ်စုံချွတ်နှင့် စစ်တပ် ကျောထောက်နောက်ခံပြုထားသည့် ကြံ့ဖွတ်ပါတီအမတ်များ ကြီးစိုးမည့်ပါလီမန်မှ ချင်းအမျိုးသားများ လိုလားတောင့်တခဲ့ကြသည့် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုကြမည်သာမက နိုင်ငံလုံးဆိုင်ရာ ဗမာယဉ်ကျေးမှုတရပ်ကိုသာ အခွင့်အာဏာပေးထားသည့် ဖွဲ့စည်း ပုံအခြေခံဥပဒေအတိုင်း အကောင်အထည်ဖော်ကြတော့မည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးများ တဖြည်းဖြည်းလုံးပါးပါးသွားမည့်အရေးနှင့်သာ ကြုံတွေ့ကြရမည်ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားတပ်မတော်သားများသည် ချင်းအမျိုးသားများကမ္ဘာတည်သရွေ့ ရှင်သန်ရပ်တည်နိုင်ရေး အတွက်ပြည်သူကြားထဲမှ ပေါက်ဖွားလာသော မျိုးချစ်ရဲဘော်များ ဖြစ်ကြပေသည်။ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများလက်ထဲတွင် ကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေးနှင့် အချုပ်အခြာအာဏာပြန်လည်ပိုင်ဆိုင်စေရေးကိုသာ အစဉ်တစိုက်ကြိုးပမ်း လုပ်ဆောင်ခဲ့ကြသည်။ ၄င်းတို့အကျိုး စီးပွားဖြစ်ထွန်းရေး၊ အာဏာပိုင်ဆိုင်ရေးနှင့် ထင်ပေါ်ကျော်ကြားရေးအတွက်တော်လှန်တိုက်ပွဲဝင်ခြင်း မဟုတ်မူဘဲ၄င်းတို့၏ဘဝ၊ စည်းစိမ်ဥစ္စာ၊ မိဘဆွေမျိုးများနှင့်မိမိတို့၏အသက်ကိုပင် စွန့်လွှတ်စတေးကာ အခက်အခဲပေါင်းစုံကြားတွင် ချင်းအမျိုးသားတို့၏ အကျိုးစီးပွားအတွက် စွန့်လွှတ်အနစ်နာခံခဲ့ကြသူများ သာဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားများ၊ ချင်းပြည်သူများသည် တသားတည်းဖြစ်နေပြီး ခွဲခြား၍မရပေ။ ချင်းအမျိုးသားတပ်ဦးသည် ပြည်သူ့အကျိုးအတွက် အစဉ်ရပ်တည် မည်ဖြစ်သကဲ့သို့




ချင်းအမျိုးသားများနှင့်ချင်းပြည်သူများသည်လည်း ချင်းအမျိုးသားတပ်ဦးနှင့် အတူအစဉ် အမြဲရပ်တည်ရန် လိုအပ်သည်။




ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများအတွက် ဘုရားသခင်ကပေးသော အမိမြေချင်းလဲန် အစဉ်အမြဲရပ်တည်နိုင်ရေးအတွက် ကျူးကျော်သူ ဗမာလူမျိုးကြီးဝါဒီများနှင့် စစ်အစိုးရရန်မှ ကာကွယ်ရန် ရရာလက်နက်စွဲကိုင်၍ တိုက်ပွဲဝင်လာခဲ့သည်။ ချင်းလဲန်သည် ချင်းအမျိုးသားများ၏ဇာတိချက် ကြွေမြေ၊ ဖိုးဖွားများအသက်ပေးကာကွယ်ခဲ့သည့် ချင်းတို့၏ဌါနေ၊ ချင်းအမျိုးသားတို့ အေးချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ခဲ့ကြသည့် ချင်းတို့ပျော်မြူးရာမြေဖြစ်ပြီး အင်္ဂလိပ်များ ဝင်ရောက်မသိမ်းပိုက်မီက မိမိတို့ဖာသာအုပ်ချုပ်ခဲ့ကြသည့် လွတ်လပ်သည့်နယ်မြေဖြစ်သည်။ အင်္ဂလိပ်များက လက်နက်ဖြင့်တိုက် ခိုက်သိမ်းပိုက်မှုကြောင့် ၁၈၉၆–ခုနှစ်မှစ၍ ၄င်းတို့အုပ်ချုပ်မှုအောက်တွင်ကျရောက်သွားခဲ့ရပြီး ၁၉၄၈–ခုနှစ်မှစ၍တဖန် ဗမာ လူမျိုးကြီးဝါဒီများနှင့် စစ်အစိုးရ၏အုပ်ချုပ်မှု အောက်ကျရောက်ခဲ့သည်မှာ ယနေ့ ထိတိုင်ပင်ဖြစ်သည်။ ထို့ကြောင့်ချင်းလဲန်သည် ကျူးကျော်သူ ဗမာလူမျိုးကြီးဝါဒီများနှင့် စစ်အစိုးရ လက်အောက်သို့ကျရောက်လျက်ရှိပြီး ချင်းအမျိုးသားများနှင့် ချင်းလဲန်ပြည်သူများသည်လဲ တပါးသူများ၏ ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် ကျရောက်လျက်ရှိသည်။ ထို့ကြောင့် ချင်းအမျိုးသားများသည် လွတ်လပ်သောလူမျိုးများမဟုတ်ကြပေ။ ချင်းလဲန်သည်လဲကျူးကျော်ခြင်းခံနေရသော နယ်မြေဖြစ်နေပေသည်။ ကမ္ဘာ့သမိုင်းကိုပြန်ကြည့်ပါက နယ်မြေတလက်မအတွက်အသက်ပေါင်းမြောက်များစွာစတည်း၍ ကာကွယ်ခဲ့ကြသည်မှာသာဓက ပေါင်းမြောက်များစွာရှိပေသည်။ ချင်းတို့သည်လည်း ဘုရားသခင်က ကာကွယ်စောင့်ရှောက်ရန်ပေးသောမြေ၊ ဖိုးဖွားများအသက်ပေးကာကွယ်ခဲ့သည့် အမိမြေချင်းလဲန်အား ကာကွယ်ရန်တာဝန်ရှိပေသည်။ ၄င်းအပြင် မိမိတို့လွတ်မြောက်ရေးအတွက် မိမိတို့ကိုယ်တိုင် လှုပ်ရှားရုန်းကန်ကြရန်လိုသည်။ မိမိလွတ်မြောက်ရေးအတွက်တပါးသူက လာရောက်လုပ်ဆောင်ပေး မည်မဟုတ်သလို မိမိတို့နယ်မြေပြန်လည်ပိုင်ဆိုင်နိုင်ရေးအတွက် တပါးသူကလာရောက် တိုက်ခိုက်ပေးမည် မဟုတ်ပေ။ ထို့ကြောင့်ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်အားကာကွယ်ရန်နှင့် ချင်းအမျိုးသားများလွတ်မြောက်ရေးအတွက် ပြည်သူ့ကြားမှ ပေါက်ပွားလာခဲ့ခြင်းဖြစ်သည်။ ဤတာဝန်အား ထမ်းဆောင်ရန် ချင်းအမျိုးသားအားလုံး၌ တာဝန်ရှိသည့်အလျှောက် ချင်းလဲန်အတွင်း နေထိုင်သည်ဖြစ်စေ၊ ချင်းလဲန်ပြင်ပတွင်ရောက်ရှိသည်ဖြစ်စေ မိမိတို့တက်နိုင်သည့် ကဏ္ဍမှပါဝင်ကြရမည်ဖြစ်သည်။ ပြည်သူ့ စွမ်းအားမပါဘဲအမျိုးသားအောင်ပွဲရရှိနိုင်မည်မဟုတ်သကဲ့သို့ အမျိုးသားရေးကိုဥပေက္ခာပြုသည့် လွဲမှားသောအယူအဆသည် အမျိုးသားပျက်သုဉ်းခြင်း သို့ရောက်ရှိသွားစေနိုင်သည်။ မှန်ကန်သောအမျိုးသားရေးစိတ်ဓါတ်နှင့်အတူ ညီညွတ်သောအမျိုးသားလှုပ်ရှားမှု သည် မလွဲမသွေအောင်ပွဲခံမည်ဖြစ်သည့်အတွက် ချင်းအမျိုးသားများနှင့် ချင်းပြည်သူတရပ်လုံး ချင်းအမျိုးသားတပ်ဦးနှင့်အတူ အောင်ပွဲခံသည် အထိအတူတကွ တိုက်ပွဲဝင်ကြရန် တိုက်တွန်းလိုက်ရပေသည်။

# စစ်ရေးမဟာမိတ်များ ထပ်မံတွေ့ဆုံဆွေးနွေး

၂၀၁၂–ခုနှစ် ဇွန်လ (၂)ရက်နေ့တွင် စစ်ရေးမဟာမိတ်အဖွဲ့ဝင်များဖြစ်ကြသော ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ချင်းအမျိုးသားတပ်ဦး(CNF) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့သည် ထိုင်း–မြန်မာ နယ်စပ် တနေရာ၌ တွေ့ဆုံခဲ့ကြပြီး ယနေ့မြန်မာ့နိုင်ငံရေးဖြစ်စဉ်များနှင့် လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုများအရေးကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရမှ ပြုလုပ်လျှက်ရှိသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်နေမှုများသည် အပြုသဘောကြိုဆိုခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် အနာဂါတ်ပြည်ထောင်စု မြန်မာနိုင်ငံအားတည်ဆောက်ရာတွင် အဓိကအခြေခံရမည့်မူများအား ဆွေးနွေးခဲ့ကြသည့်အပြင် ပြည်ထောင်စုတပ်မတော်ကို မည်သို့မည်ပုံဖွဲ့စည်းသင့်သည်များကို အကျယ်တဝံ့ ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် KNU စစ်ရေးရာကော်မတီမှ အတွင်းရေးမှူး ဗိုလ်မှူးကြီးထူးထူးလေးနှင့် တာဝန်ပုဂ္ဂိုလ်များ၊ CNF မှ အထွေထွေအတွင်းရေးမှူးချုပ်ပူးဇင်ကျုံး နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ RCSS မှ ဒု–ဗိုလ်ချုပ်ကြီး စပ်ယွတ်စစ် နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။ စစ်ရေးမဟာမိတ်ကို ၁၉၉၉–ခုနှစ် ဇွန်လ (၁၃) ရက်နေ့တွင် ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ ဖွဲ့စည်း ခဲ့ခြင်းဖြစ်သည်။




စစ်ရေးမဟာမိတ်ဆွေးနွေးပွဲမှ မှတ်တမ်းဓါတ်ပုံ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အစည်းအဝေးကျင်းပပြီးစီး

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အစည်းအဝေးတရပ်ကို ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ၂၀၁၂ ခုနှစ် ဇွန်လ (၄–၅) ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲခြင်း မပြုလုပ်သေးသောအဖွဲ့အစည်း (၁၉) ဖွဲ့မှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦးမှ အထွေထွေအတွင်းရေးမှူးချုပ်ပူးဇင်ကျုံး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာရွှေခါးရ် တို့တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ (၂၆–၂၈) ရက်နေ့များ တွင်ပြုလုပ်သည့် တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းရေးစီမံချက်အား အကျေအလည် ပြန်လည်ဆွေးနွေးခဲ့ကြပြီး လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များပါ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ အဆိုပါဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် အခြေခံရမည့် အခြေခံသဘောထားများ၊ဘုံသဘောတူညီမှုရှိသင့်သည့်အချက်များ၊ ဘုံသဘောတူညီမှုအားအကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များ၊ နိုင်ငံရေး ဆွေးနွေးမှုပြုလုပ်ရာတွင်အခြေခံရမည့်အချက်များ၊ နိုင်ငံရေးဖြစ်စဉ် နှင့် ပတ်သက်၍ ပါဝင်သင့်ပါဝင် ထိုက်သူများ အားလုံးဆွေးနွေးရန်အချက်များ၊တိုင်းရင်းသား လူမျိုးများ သဘောတူညီချက်ရရှိရေးဆိုင်ရာသဘောတူညီချက်များနှင့် ပင်လုံကဲ့သို့ သဘောညီလာခံကျင်းပခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံမှ ဘုံသဘောတူညီချက်အဖြစ် တညီတညွတ်တည်းချမှတ် ခဲ့ကြသည်မှာ “လွှတ်တော်ပြင်ပတွင် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန်” ဖြစ်ပြီး ၂၀၀၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်မှသာလျှင် ထာဝရတည်တံ့သည့်ပြည်တွင်း ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်ဟုအခိုင်အမာ ယုံကြည်နေကြသည်။မြန်မာနိုင်ငံအစိုးရ အနေဖြင့် ၄င်း ၏ငြိမ်းချမ်းရေးမူဖြစ်သည့် ပါတီထောင်၍ရွေးကောက်ပွဲဝင်ရန်၊ အခြေခံဥပဒေအား လွှတ်တော်အတွင်း၌ အများသဘောတူပြင်ရန်နှင့်ဥပဒေဘောင်

အတွင်းဝင်၍ နေထိုင်၊သွားလာ၊ လုပ်ကိုင် စားသောက်ရန်ဟူသည့် အချက်များအား နိုင်ငံရေးဆွေးနွေးပွဲမှ တိုင်းရင်းသားတို့၏ တန်းတူညီမျှမှုအခွင့်အရေး မရမချင်း လက်ခံနိုင်မည်မဟုတ်ကြောင်း တညီတညွတ် သဘောတူခဲ့ကြသည်။ ထို့ကြောင့် မြန်မာအစိုးရမှ အမိန့်အမှတ် ၁၁/ ၂၀၁၂၊ အမိန့်အမှတ် ၁၂/၂၀၁၂ အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်း စဉ်အား အကောင်အထည်ဖော်လာပါက လက်နက်ကိုင်ပဋိပက္ခသည် ရှည်ကြာဦးမည် ဖြစ်ကြောင်းနှင့် စစ်ရေးပြင်ဆင်မှုများ မရှိမဖြစ် လုပ်ဆောင်ရန် လိုအပ်လျက်ရှိနေသေးကြောင်း ထောက်ပြဝေ ဖန်မှုများပြုလုပ် ခဲ့ကြသည်ဟု သိရှိရသည်။



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အစည်းအဝေးကျင်းပစဉ်

## ချင်းအမျိုးသားလှုပ်ရှားမှုတွင် အမျိုးသမီးများပါဝင်ရန် ပိုမိုလိုအပ်

ချင်းအမျိုးသမီးများအဖွဲ့ချုပ် (Women League of Chinland- WLC)မှ Pi Ruali, Pi Mami, Pi Siang Cin, Pi Zosangpuii နှင့် ချင်းအမျိုးသားတပ်ဦး၏ အထွေထွေအတွင်းရေးမှူးချုပ် ပူးဇင်ကျုံး၊ စစ်ရေးရာ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးဆော်လမွန်၊ သတင်းနှင့်ပြန်ကြားရေးဌါန အတွင်းရေးမှူး ပူးငိုင်းကြားထန်းတို့ နှင့် ၂၂-၀၆-၂၀၁၂ နေ့တွင် ပါတီဌါနချုပ်၌ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု ပြုလုပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် အထွေထွေအတွင်ရေးမှူးချုပ်မှ ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအစိုးရအကြား လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ယင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ တင်ကြွစွာ ပါဝင်ရေးအခန်းကဏ္ဍသည်လည်း အရေးကြီးပုံ၊ ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ပါတီညီလာခံ၏ အဓိပတိကောင်စီတွင် အမျိုးသမီးများအတွက် နေရာကို ညီလာခံမှ ချမှတ်ပေးထားကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုတွင် ကဏ္ဍပေါင်းစုံမှပါဝင်ရန် လိုအပ်ကြောင်း၊ မိမိတို့ တပ်ဦးအနေဖြင့်လည်း အမျိုးသမီးကဏ္ဍကို တတ်နိုင်သမျှ မြှင့်တင်ပေးမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(WLC)ဘက်မှလည်း ယခုကဲ့သို့ အဓိပတိကောင်စီတွင် အမျိုးသမီး၏အခန်းကဏ္ဍထားရှိပေးခြင်းကြောင့် အထူးပင်ကျေးဇူးတင်ကြောင်း၊ ယခု လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်မိမိတို့၏ အမျိုးသမီးများအဖွဲ့ချုပ်အနေဖြင့်လည်း ပါဝင်လိုကြောင်း၊ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တတ်နိုင်သမျှ ကူညီစေလိုကြောင်းနှင့် ထာဝရလက်တွဲသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

(WLC)ကို အန္ဒိယ-မြန်မာနယ်စပ်တွင် (၂၀၀၆) ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ယင်း၏ ရည်ရွယ်ချက်များမှာ-
အမျိုးသမီးများနိုင်ငံရေး၊ လူမှုရေးကဏ္ဍတွင် စွမ်းဆောင်ပါဝင်မှုမြှင့်တင်ရေး၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ရန်၊ ချင်းလူမျိုးများ၏ လူနေမှုအဆင့်အတန်းနှင့်စွမ်းရည် မြှင့်တင်ရေး၊ ချင်းလူမျိုးများ၏စာပေ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်း ထိန်းသိမ်းမြှင့်တင်ရေးတို့ဖြစ်သည်။



**WLC မှ ကိုယ်စားလှယ်များနှင့် တပ်ဦးခေါင်းဆောင်နှစ်ဦး**

# ချင်းလဲန်းကလပ် (Chinland Club) သို့ကျေးဇူးတင်လွှာ

လေးစားအပ်ပါသော ချင်းလဲန်းကလပ်အဖွဲ့ဝင်များခင်ဗျား၊



ကမ္ဘာတဝှမ်းလုံးရှိ ချင်းလဲန်းကလပ် (Chinland Club) အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ချင်းအမျိုးသားတပ်ဦး (CNF) ကိုယ်စား ဆုမွန်တောင်း မေတ္တာပို့သရင်း ဤကျေးဇူးတင်လွှာအား ပေးပို့အပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် အမျိုးသားပြည်နယ်များကို အခြေခံသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ချင်းအမျိုးသားများနှင့် ချင်းပြည်သူများကိုအခြေခံ၍ ပြည်သူ့တော်လှန်ရေးကို နှစ်ပေါင်း ၂၄ နှစ် ကျော်ကြာ ဆင်နွဲလာခဲ့ပြီးဖြစ်သည်။ ဤတော်လှန်ရေးကာလများအတွင်း ချင်းပြည်သူများနှင့် ချင်းအမျိုးသားတို့၏ပူးပေါင်းပါဝင်မှုကလွဲ၍ မည်သည့်နိုင်ငံ၊မည်သည့်အဖွဲ့အစည်းကမျှ ငွေကြေးအရသော်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအရ သော်လည်းကောင်း၊ စိတ်ဓါတ်ရေးရာအရသော်လည်းကောင်း ပြောပလောက်သည့် ကူညီထောက်ပံ့မှု တစုံတရာ မပေးခဲ့ပေ။ ပြည်သူလူထု၏ အင်အားသည်သာလျှင် CNF ၏ အဓိကအင်အားဖြစ်ခဲ့သည်။ ၂၀၀၈–ခုနှစ် နောက်ပိုင်း၊ ချင်းပြည်အတွင်း ဝတ်မွတ်ခေါင်းပါးမှု ဘေးအန္တရာယ်ကျရောက်ချိန်မှစ၍ ချင်းပြည်သူလူထုထံမှ ငွေကြေးနှင့်ရုပ်ဝတ္ထု ပစ္စည်း အကူအညီ တစုံတရာရယူခြင်းမပြုတော့ဘဲ နိုင်ငံတကာရောက် ချင်းအမျိုးသားများမှ ငွေကြေးအရ၊ ရုပ်ဝတ္ထုပစ္စည်းအရ အကူအညီပေးခြင်းများပြုလုပ်လာခဲ့ရာ ယခုအခါချင်းအမျိုးသားတပ်ဦး၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေး နိုင်သည့်အခြေအနေသို့ပင် ရောက်ရှိနေပြီဖြစ်သည်။တနည်းပြောရလျှင် ချင်းအမျိုး သားတော်လှန်ရေးသည် ပြည်သူကြားထဲတွင် ရှင်သန်လာပြီဖြစ်သည်။ ချင်းအမျိုး သားတရပ်လုံး တစိတ်တဝမ်းတည်း အမျိုးသားရေးတွင် ပါဝင်လာရေးသည် ချင်း အမျိုးသားတို့၏ရည်မှန်းချက်ရောက်ရှိရေးအတွက် အဓိက အကျဆုံးဖြစ်သည်။ ထို့ကြောင့်ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားတရပ်လုံး ဒေသစွဲ၊မျိုးနွယ်စုစွဲကို ရှေ့တန်းမတင်ဘဲ အမျိုးသားရေးကိုဦးထိပ်ထား၍ မိမိတို့ကျရာတာဝန်နှင့် လုပ်ဆောင်နိုင်သည့်ကဏ္ဍအသီးသီးတွင် အင်တိုက်အားတိုက် ပါဝင်ကြရန် လိုပေအပ်သည်။

အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းသည် ပေးဆပ်ခြင်း(သို့) အနစ်နာခံခြင်းမျိုးမဟုတ်ဘဲ အခွင့်အလမ်း တရပ်ဖြစ်ပေသည်။ ချင်းပြည်အား ဘိုးဘွားစဉ်ဆက် ကာကွယ်လာခဲ့ကြသည့်နည်းတူ ယနေ့ခေတ်ချင်းအမျိုးသားများအနေဖြင့်လည်း ယနေ့ချင်းပြည်ကိုအကာကွယ်ပေးရန် တာဝန်ရှိပေသည်။ ချင်းအမျိုးသားများ မတိမ် ကောမပပျောက်ရေးအတွက် ဘိုးဘွားများအသက်သွေးချွေး ရင်းပြီးကာကွယ်ခဲ့ကြသည့်နည်းတူ ယနေ့ခေတ် ချင်းအမျိုးသားများတွင်လည်း ချင်းအမျိုးသားများ၏ ဂုဏ်အင်လက္ခဏာများ မပပျောက်ရေးအတွက် အကာအကွယ်ပေးရန်တာဝန်ရှိပေသည်။ ယင်းတာဝန်များသည် ပခုံးပြောင်းတာဝန်များဖြစ်ပြီး ချင်းတမျိုးသားလုံး အပေါ်ကျရောက်သည့် တာဝန်ဖြစ်ပေသည်။ ယင်းတာဝန်ထမ်းဆောင်ရန်ပျက်ကွက်သူသည် တာဝန်မသိသော၊ တာဝန်မကျေသောအမျိုးသားများဖြစ်ပြီး ယင်းသို့သောလူမျိုးမှာ တိမ်ကောပပျောက်ခြင်းမှတပါးတခြား လမ်းမရှိပေ။ ထို့ကြောင့် ချင်းအမျိုးသားများအနေဖြင့် အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းအား အခွင့်အလမ်းတရပ် အဖြစ်ခံယူကာသမိုင်းပေးတာဝန်နှင့် အမျိုးသားရေးတာဝန်အားကျေကျေပွန်ပွန် ဆထက်တံပိုး ထမ်းဆောင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပေသည်။ ချင်းလဲန်းကလပ်အဖွဲ့ဝင်များအနေဖြင့် အမျိုးသားရေးအတွက် တက်တက်ကြွကြွ ပါဝင်ကြသည့်အပေါ် အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုသည်။

ချင်းလဲန်းကလပ်အဖွဲ့ဝင်များခင်ဗျား၊

ယနေ့နိုင်ငံရေးအခင်းအကျင်းသည် တမူထူးခြားပြီး သတိထားစောင့်ကြည့်ရမည့်အခင်းအကျင်းဖြစ်ပေသည်။ ဒီမိုကရေစီအပြောင်းအလဲဖက်သို့ ဦးတည်နေသော်လည်း တိုင်းရင်းသားလူမျိုးစုများလိုလားလျက်ရှိသည့် ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေး နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးအတွက် တစုံတရာ တိုးတက်မှု မရှိသေးပေ။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အပစ်အခတ်ရပ်စဲရေးမှ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးရေးဆီသို့ တက်လှမ်းရန် ကြိုးပမ်းနေပြီး လွှတ်တော်ပြင်ပမှ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန် စိုင်းပြင်းလျက်ရှိ သည်။ ဤကဲ့သို့သော အရေးကြီးသည့်အချိန်ကာလတွင် ချင်းတမျိုးသားလုံး တက်တက်ကြွကြွပါဝင်ကြရန် အထူးလိုအပ်ပေသည်။ အထူးသဖြင့် ချင်းလဲန်းကလပ်အဖွဲ့ဝင်များ၏ ဘက်ပေါင်းစုံမှ ပါဝင်လာရေးအား ကြိုဆိုလျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် ချင်းအမျိုးသားတပ်ဦး၏ အဓိက လုပ်ဆောင်နေသည်မှာ ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီ စနစ်ကျင့်သုံးသည့် ဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်ရေးဖြစ်သည်။ ယင်းကဲ့သို့သော ပြည်ထောင်စုမြန်မာနိုင်ငံအား မတည်ဆောက်နိုင်မချင်း အရှိန်အဟုန်ကောင်းသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ကောင်းမွန်တိုးတက်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်အကောင်အထည်ဖော်နိုင်လိမ့်မည်မဟုတ်ပေ။ ပြည်သူပြည်သားများ၏ ဘဝဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများသည်လည်း နှေးကွေးလျက်ရှိနေဦးမည်ဖြစ်သဖြင့် အဓိကကျသော နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



ဇင်ကျုံး
အထွေထွေအတွင်းရေးမှူးချုပ်
ချင်းအမျိုးသားတပ်ဦး

ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့


ဤပါတီရေးရာစာစောင်သည်
ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌါနမှ
လစဉ်ပုံမှန်ထုတ်ဝေလျက်ရှိသည်။
မည်သူမဆို အကြံဥာဏ်ပေးခြင်းများ၊ သတင်း၊ ဆောင်းပါး၊ ကဗျာနှင့်
ကာတွန်းများကို ပေးပို့နိုင်ပြီ။ ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရေးရုံးများမှ
ပြည်တွင်းသို့ တဆင့် ဖြန့်ဝေမည်ဖြစ်ပြီး၊ www.chinland.org
အင်တာနက်စာမျက်နှာတွင်လည်း ဖတ်ရှုနိုင်သည်။



ဝိုင်းကြားထန်း
အတွင်းရေးမှူး
သတင်းနှင့်ပြန်ကြားရေးဌါန
ပါတီဌါချုပ်၊ ချင်းလဲန်း

Email- cnfinfo@yahoo.com
Mobile: 0091 8974125887

## ကြေးစား

– တစ်တီတူးတတွေ
တောင်တက်တာတောက်တဲ့
တွေ့တယ်တဲ့တော်
ကာရံ လင်္ကာ ညီသတဲ့တော်။

– သူ့ခဗျာ
မိုးမပြို ပြိုခဲ့သော်
ထောက်တိုင်ပမာ
သူ့ခြေနှစ်ချောင်း
မိုးပေါ်ထောင်ပြီးအိပ်သတဲ့။

– တို့ လူသားတွေလည်း
အကောင်းဆုံးကို မျှော်လင့်
အဆိုးဆုံးအတွက် ပြင်ဆင်ထား
နောက်မကျနိုင်တဲ့အသိတရား။

– ဝေဟင်မှာ ခြေရာမပေါ်တဲ့
လေယာဉ်ကြီး ရေဒါနဲ့
သူ့ကို ခန့်မှန်းနိုင်သတဲ့။

– တည့်တည့်ကြီးလွှတ် ထင်းထင်းကြီးပေါ်
   မင်း .... နော်
ဒါကိုမသိရင် သမိုင်းမှာ
အသုံးတော်ခံ လူသား
သက်သက် ဖြစ်နေမှာပါ။

ဘာမထီမောပီ

သင့်ကို ချင်းလဲန်းမှ အလိုရှိသည်

## ဒေါင်းယောင်ဆောင်သော ကျီးများသို့

၁။ ကိုယ်လည်းမဖြစ်၊ ဖြစ်သူရှိလျှင်
ဝေဖန်ဖျစ်ညစ်၊ မလုပ်ပါနှင့်။
ကိုယ်လည်းမတတ်၊ တတ်သူရှိလျှင်
ဝေဖန်ပုတ်ခတ်၊ မလုပ်ပါနှင့်။
ကိုယ်လည်းမသိ၊ သိသူရှိလျှင်
သိယောင်မူနံဝါး၊ လေမထွားနှင့်။
၂။ ကိုယ်မဖြစ်လျှင်၊ ဖြစ်၍လာအောင်
နည်းနာယူ၍ သင်ယူလေ။
ကိုယ်မတတ်လျှင် တတ်သိလာအောင်
နည်းနာယူဖို့ ကြံဆောင်လေ။
ကိုယ်မသိလျှင် သိရှိလာအောင်
သိသူထံပါး နာယူလေ။
၃။ မဖြစ်မသိမတတ်ပါပဲ
တတ်ယောင်မူနံဝါး၊ ဝင့်ကာကြွားသူ
သင်ကားဟန်ဆောင်၊ ဒေါင်းယောင်ဆောင်လည်း
နဂိုရှိမှ နဂိုဏ်းထွက်မည်
ကျီးကားဒေါင်းလို မဖြစ်နိုင်ပြီ
ကျီးကားကျီးသာ ဖြစ်ပါသည်။

ဆလိုင်းရှယ်အောင်

## မျိုးဆက်သွေး

ခြောက်လည်း မကြောက်
မြှောက်လည်း မမြောက်
ဖျောက်လည်း မပျောက်
မကြောက်တဲ့ .... သွေး
မမြောက်တဲ့ ..... သွေး
မပျောက်မဲ့ ...... သွေး
သွေး .... သွေး ..... သွေး။

မင်းတပ်အောင်

# ဗိုလ်မှူးကြီးဆော်လမွှန်၏ ဥရောပခရီးစဉ်

၂၀၁၂– ခုနှစ်၊ ဇန်နဝါရီ (၁၁)ရက်နေ့တွင် ကျင်းပပြုလုပ်သော ချင်းအမျိုးသားတပ်ဦး၊ ပဉ္စမအကြိမ်ပါတီညီလာခံသက်တမ်း၊ ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၂)–ဂ အရ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်နှင့် စစ်ရေးရာကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးဆော်လမွှန်အား ဥရောပနိုင်ငံများသို့ ချင်းလူမျိုးများနှင့်တွေ့ဆုံရန် စေလွှတ်ခဲ့သည်။ အဆိုပါ ခရီးစဉ်တွင် ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက် (၉)ချက်အား သွားရောက် ရှင်းပြရန်ဖြစ် သည်။ ပါတီဗဟိုဌါနချုပ်မှ ၁၂–၂–၂၀၁၂ ရက်နေ့မှ စတင်ထွက်ခွါခဲ့သည်။

အိန္ဒိယနိုင်ငံ၊ နယူးဒေလီတွင် ချင်းမိတ်သဟာယဘုရားကျောင်းအသီးသီး၌ ချင်းအမျိုး သားတပ်ဦး၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကြောင်းကို အသေးစိတ်ရှင်းပြခဲ့သည်။

ဥရောပနိုင်ငံများရှိ နော်ဝေး၊ ဒိန်းမတ်၊ ဆွီဒင်၊ ဟော်လန်၊ ဂျာမဏီနိုင်ငံများရှိ ချင်းပြည် သူများနှင့် တွေ့ဆုံမှုပြု လုပ်ခဲ့သည်။ အဓိက ဆွေးနွေးတင်ပြခဲ့သည့်အကြောင်းများမှာ ငြိမ်းချမ်းရေးသဘောတူညီချက် (၉)ချက် ကိုရှင်းလင်းပေးခြင်း၊ ချင်းလဲန်းကလပ်ကဏ္ဍ၊ ပါတီရေးရာဏကဏ္ဍ၊ မိခင်နှင့်ကလေးများအတွက် ပညာရေး၊ ကျန်းမာရေးဏကဏ္ဍ၊ တပ်မတော်ကဏ္ဍ၊ အမျိုးသားရေး၌ တက်ကြွရန်နှင့် တော်လှန်ရေး၌ ပူးပေါင်း ပါဝင်ရန် ဖိတ်ခေါ်ခြင်း၊ လောကီနှင့်လောကုတ္တရာကိစ္စများကို တတ်နိုင်သမျှ လက်တွဲလုပ်ဆောင်ရန် စည်းရုံးခြင်း၊ ချင်းလူမျိုးများ လူမျိုးမပျောက်နိုင်ရန် အသိပေးဟောပြောခြင်း၊ ပညာတတ်လူငယ်များ ချင်းလဲန်းသို့ ပြန်လာပြီး အနာဂါတ်အတွက် ဝိုင်းဝန်း လုပ်ဆောင်ရန်ဟောပြောခြင်း၊ မတူကွဲပြားသော ဘာသာရေးအသင်းအဖွဲ့များ အတူတကွ လုပ်ဆောင်ရန် ဟောပြောခြင်း စသည်တို့ကို ကဏ္ဍအလိုက်ရှင်း လင်းခဲ့သည်။ ထို့အပြင် အချို့သောဒေသများတွင် ချင်းလဲန်းကလပ် အသစ် ဖွဲ့စည်း ပေးခဲ့သည်။




ဗိုလ်မှူးကြီးဆော်လမွှန်အား ဆွီဒင်နိုင်ငံရှိ ချင်းလူမျိုးများက လှိုက်လှဲပျူငှါစွာ ကြိုဆိုကြစဉ်

နော်ဝေနိုင်ငံခရီးစဉ်တွင် ဗဟိုကော်မတီဝင် ပူးထန်းလိန်းကီး၊ နော်ဝေဒေသပါတီကော် မတီဥက္ကဌ ပူးတလောင်ပဲန်းတို့မှ လည်းကောင်း၊ ဒိန်းမတ်နိုင်ငံတွင် ဒေသပါတီကော်မတီဥက္ကဌ ပူးသောက်ကျဲအိုတို့လည်းကောင်း၊ ဂျာမဏီနိုင်ငံတွင် ဒေသပါတီကော် မတီဥက္ကဌ ပူးဇာအုပ်ဆန်း၊ ဆွီဒင်နိုင်ငံခရီးစဉ်တွင် ဒေသပါတီကော်မတီဥက္ကဌ ပူးဆွီအုပ်မှ လည်းကောင်း၊ ဟော်လန်နိုင်ငံ ခရီးစဉ်တွင် ဒေသပါတီကော်မတီ အတွင်းရေးမှူးတို့မှ အသီးသီး လိုက်ပါပေးကြသည်။

ဒိန်းမတ်နိုင်ငံတွင် ချင်းလဲန်းကလပ်သို့ အသစ်ဝင်ရောက်သူ ၆၀ ဦး၊ ပါတီဝင်အသစ် ၂၀ ဦး၊ မိခင်နှင့်ကလေးအတွက် အလှူငွေများနှင့် ပါတီရံပုံငွေများရရှိခဲ့သည်။

ဆွီဒင်နိုင်ငံတွင် ချင်းလဲန်းကလပ်သို့ အသစ်ဝင်ရောက်သူ ၅၂–ဦး၊ မိခင်နှင့်ကလေး အတွက် ဘာသာရေး အသင်းအဖွဲ့များအလှူငွေများနှင့် ပါတီရံပုံငွေများ ရရှိခဲ့သည်။

နော်ဝေနိုင်ငံတွင် ချင်းလဲန်းကလပ် သို့ လူသစ် ၄၃၀ ဦး ပါတီဝင်သစ် ၅၀နှင့် မိခင် နှင့်ကလေးအတွက်  အသင်းတော်များမှ အလှူငွေများ ရရှိခဲ့သည်။
ဟော်လန်နိုင်ငံတွင် ချင်းလဲန်းကလပ်သို့လူသစ် ၂၀ ဦး၊ ပါတီဝင်အသစ် ၁၀ ဦးနှင့် ပါတီရံပုံငွေများ ရရှိခဲ့သည်။
ဂျာမဏီနိုင်ငံတွင် ချင်းလဲန်းကလပ် အဖွဲ့ဝင်သစ် ၅၀ ဦး၊ ပါတီဝင်အသစ် ၁၀ဦးနှင့် ပါတီရံပုံငွေများရရှိခဲ့သည်။

၄င်းခရီးစဉ်အတွင်း ရောက်ရှိရာနိုင်ငံအသီးသီးမှ ချင်းလူမျိုးများက  လှိုက်လှဲပျူငှါစွာ ကြိုဆိုကြသည့်အပြင် သက်ဆိုင်ရာ ဘုရားကျောင်းများတွင် ဆုတောင်းပွဲနှင့် လူထုတွေ့ဆုံပွဲကို ပြုလုပ်ပေးကြသည်။

# ချင်းတောင်မှာ ဘာပေါသလဲ?

AP Smith

ချင်းပြည်နယ်သည် ဆင်းရဲမွဲတေမှု ၇၃.၃ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်ဖြစ်ကြောင်း ၂၀၀၉-၁၀ **(United Nations Development Programme – UNDP)** စစ်တမ်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ချင်းပြည်နယ်အတွင်းရှိ အိမ်ထောင်စုစုပေါင်း (၇၂၇၂၄) ခု အနက် (၅၃၃၀၅) ခုသော အိမ်ထောင်စုသည် ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် ဆင်းရဲမွဲတေသူများ စာရင်းတွင် ပါဝင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ တဖက်တွင် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများတွင် ချင်းလူမျိုးများသည် အဆင်းရဲဆုံးလူမျိုးများဖြစ်သည်ဟု ဆိုရပေမည်။ သို့ဆိုလျှင် "ချင်းတောင်မှာဘာပေါသလဲ" ဆိုသည့် မေးခွန်းကို "ချင်းတောင်မှာ ဆင်းရဲမွဲတေသူများပေါတယ်" ဟု ဖြေရမလောက်ပင်ဖြစ်နေပါသည်။

တခါက ချင်းတောင်မှ ပြည်မသို့ဆင်းသွားသည့် ချင်းအမျိုးသားတဦးကို "ချင်းတောင်မှာ ဘာပေါသလဲ" ဟုမေးလာကြသည်၊ သူက "ချင်းတောင်မှာ တောင်ပေါတယ်" ဟု တန်းကနဲဖြေလိုက်ရာ၊ ကြားသမျှလူအားလုံး ဟားတိုက်ရယ်ကုန်ကြသတဲ့ (တကယ့်အဖြစ်အပျက်လေးပါ)။ အမှန်ပင် ချင်းတောင်တွင် တောင်ပေါပါသည်။ အမှန်ကို ပြောလိုက်ခြင်းသာဖြစ်သည်။

မေးမြန်းသူကလည်း ရည်ရွယ်ချက်ရှိရှိမေးမြန်းခြင်းဖြစ်ပါလိမ့်မည်။ ချင်းတောင်တွင် ပန်းသီး၊ လိမ္မော်သီး၊ ကြက်၊ ငှက်၊ ပန်းမာလ်များ ပေါများသည်ဟုဆိုပါက နောက်တခါပြန်လာသည့်အခါ ပါလာစေချင်၍ မေးမြန်းခြင်းလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ချင်းတောင်အကြောင်းကို စိတ်ဝင်စား၍ တစုံတရာသိချင်စိတ်နှင့် မေးမြန်းလိုက်ခြင်းလည်းဖြစ်နိုင်သည်။ သို့သော် ပြောလိုက်သည့်အဖြေသည် သူထင်ထားသည်နှင့် လုံးဝကြီးခြားနားခြင်းကြောင့်သာ မျက်ရည်သုတ်ရလောက်အောင် ရယ်စရာ ဖြစ်သွားခြင်းဖြစ်သည်။

CNF နှင့် ချင်းပြည်နယ်အစိုးရ ပဏာမတွေ့ဆုံဆွေးနွေးပွဲသို့ သွားခဲ့ကြသည့် CNF ကိုယ်စားလှယ်များ မိမိတို့ဆီပြန်အရောက်တွင် ချင်းပြည်၏ တိုးတက်မှုအခြေအနေကို မေးမြန်းကြည့်ရာ ဆိုင်ကယ်အလွန်များကြောင်း ပြောကြသည်။ အသိသာဆုံးသောအရာကို ပြောလိုက်ကြခြင်းဖြစ်ပေမည်။ ချင်းပြည်၏ အနှစ် (၂၀) အတွင်း တိုးတက်ပြောင်းလဲမှုကို ဆိုင်ကယ်အစီးရေ တိုးတက်မှုဖြင့်တွက်ချက်ပါက အလွန့်အလွန်ကိုတိုးတက်သည်ဟု ဆိုရပေသည်။ အကြောင်းမှာ ၁၉၈၈-ခုနှစ်တုန်းက ချင်းပြည်နယ်မြို့တော် ဟားခါးမြို့တွင်ပင် မော်တော် ဆိုင်ကယ် (၂) စီးသာရှိသည်ဟုဆိုကြသည်။ ထိုအနက်တစီးသည် ဘီးသုံးဘီးပါ အမောင်းသင် (သို့မဟုတ်) မသန်စွမ်းသူများစီးလေ့ရှိသည့် ဆိုင်ကယ်မျိုးဖြစ်ပြီး နှစ်စီးစလုံး ပုဂ္ဂလိကပိုင် ဆိုင်ကယ်များ မဟုတ်ပါ။ အစိုးရဌာနပိုင်များဖြစ်ကြသည်။ ယခုမူ မြို့အသီးသီး၌ ဆိုင်ကယ်အစီးရေ ပေါင်းလေးငါးရာမှထောင်ဂဏန်းအထိ ရှိလာပြီသည်။

အခု ကျနော်နေထိုင်သည့် မီဇိုရမ်ပြည်နယ်တွင် အိမ်တိုင်းလိုလို၌ ရုပ်မြင်သံကြားစက်၊ ကွန်ပြူတာ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့်အင်တာနက်ဆက်သွယ်မှုများ ပိုင်ဆိုင် တပ်ဆင်ထားကြသည်။ အဆင့်မြင့်မြင့် နေထိုင်ကြသည်။ သို့သော် ခုထိ ၄င်းတို့ဒေသတွင် စီးပွားဖြစ်ဟူ၍ ဘာမှ ထုတ်လုပ်နိုင်ခြင်းမရှိသေးပါ။ အခြေခံစားသုံးကုန်အထိအိန္ဒိယပြည်မကို အားကိုးနေကြရသည်။ အိန္ဒိယပြည်မနှင့်သွယ်တန်းထားသည့် National Highway လမ်းပျက်ပြီး တပတ်လောက် ကားမသွားနိုင်လျှင် ဆား၊ ကြက်သွန်၊ မုံညင်းရွက်ကအစ အီလက်ထရောနစ်ပစ္စည်းများအထိ ချက်ချင်းဈေးတက်ကုန်ကြသည်။ မုံညင်းရွက်တစည်းလျှင် ပုံမှန်ဈေး ရူပီးငွေ ၂၀ မှ ၄၀ သို့ ခုန်တက်သွားသည်။ အဆိုးဆုံးမှာ အခြေခံစားသုံးကုန်ပစ္စည်းများ မတဟုတ်ချင်း ဈေးတက်သွားသည့်အခါ လူတိုင်း ဒုက္ခကြုံကြရခြင်းပင်ဖြစ်သည်။

ချင်းပြည်ရှိ မော်တော်ဆိုင်ကယ်အများစုသည် တရုတ်လုပ်ဆိုင်ကယ်များဖြစ်သည်။ ပိုင်ဆိုင်သူအများစုသည်လည်း နိုင်ငံခြားတွင် အခြေချနေထိုင်သည့် ဆွေမျိုးများမှ ပေးပို့သော ငွေကြေးများဖြင့် ဝယ်ယူကြသူများဖြစ်ကြသည်။ ငွေကြေးရင်းမြစ်နှင့် ပစ္စည်းရင်းမြစ်များသည် ပြည်ပမှဖြစ်ကြသည်။ အသုံးပြုရာနှင့် စားသုံးရာနေရာသည်သာ ချင်းပြည်ဖြစ်သည်။ ယခုကဲ့သို့ ပြည်ပမှရရှိသည့် ဝင်ငွေများအပေါ် တွင်သာမှီတည်ပြီး ဒေသတွင်းစီးပွားဖြစ်ထုတ်လုပ်မှုတစုံတရာ မဖန်တီးနိုင်လျှင် မီဇိုရမ်တွင် ခံစားနေရသည့် အခက်အခဲမျိုး ချင်းပြည်သူများက မုချရင်ဆိုင်ရမည်သာ ဖြစ်သည်။

လူမျိုးတမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ရန်မှာမူ အနိမ့်ဆုံးအဆင့် ဒေသတွင်းလိုအပ်မှုများအတွက် ကုန်ထုတ်လုပ်မှု တစုံတရာရှိရန် လိုအပ်ပါသည်။ ချင်းပြည်တွင် ဆား၊ ငါးပိ ထုတ်လုပ်နိုင်မည်မဟုတ်ပါ။ သို့သော် ဆား၊ ငါးပိ အစား အခြားစားသုံးကုန်နှင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပါသည်။ ယနေ့တွင် ချင်းပြည်ထွက် ဆေးဂမုန်းဥနှင့် **(Khambal)** ခေါ် ဝါဥများသည်ပင် တရုတ်ကုန်သည်ကြီးများ အကြိုက်ဆုံး ချင်းပြည်ထွက် စိုက်ပျိုးထွက်သီးနှံများ ဖြစ်ကြသည်။ ချင်းပြည်ထွက်ဂမုန်းဥများသည် အခြားဒေသထွက်များထက် ပို၍ အရည်အသွေးကောင်းသည်ဟုလည်း ဆိုကြသည်။ ချင်းပြည်သူများတွင် ကုန်ချောထုတ်လုပ်သည်အထိ ကျွမ်းကျင်မှုပညာကို စိတ်မဝင်စားကြသေးပါ။ ထွက်ရှိသမျှကို ကုန်ကြမ်းအဖြစ် မန္တလေးရှိတရုတ်ပွဲစား သူဌေးများထံရောင်းချသည် အထိသာ တတ်ကျွမ်းကြသေးသည်။

လည်မျိုမြစ်နှင့် ကုလားတန်မြစ်တလျှောက်တွင် ရေရှည်သိုလှောင်ထားနိုင်သည့် နှမ်း၊ ဆေးရွက်၊ ပြောင်းပြောင်းသီးနှင့်ပဲအမျိုးမျိုးဖြစ်ထွန်းလှသည်။ နှမ်းစေ့မှနှမ်းဆီ၊ ဆေးရွက်မှ ဆေးလိပ်အမျိုးမျိုးစသည့်ကုန်ချောများ ထုတ်လုပ်နိုင်ခြင်းမရှိသည့်အခါ ကုန်ကြမ်းများအဖြစ် ဈေးနှုန်းချိုချိုဖြင့် ရခိုင်လက်ထဲရောက်နေဆဲပင်ဖြစ်သည်။ ချင်းပြည်အနှံ့ သဘာဝအလျောက်ပေါက်ရောက်သည့် ကျွန်း၊ သစ်မာ၊ ထင်ရှူး၊ ဝါး၊ ကြိမ်များလည်း ချင်းပြည်ပြင်ပသို့ ကုန်ကြမ်းအဖြစ်သာ သယ်ဆောင်သွားကြကုန်သည်။ နှမြောစရာကောင်းလှပါသည်။ ဤသစ်တောနှင့်စိုက်ပျိုးထုတ်ကုန်ကြမ်းများကို ချင်းပြည်အတွင်း၌ ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ပါက ချင်းပြည်အတွင်းအလုပ် လက်မဲ့ပြဿနာသည် ဖြေရှင်းပြီးသားဖြစ်သွားပေမည်။ နိုင်ငံရပ်ခြားများအား အလုပ်ကူလုပ်ပေးနေစရာလိုနေတော့မည် မဟုတ်ပါ။

ဖလမ်းမြို့နယ် မဏိပူရမြစ်ပေါ်တွင် လျှပ်စစ်စွမ်းအင် မီကာဝပ် ၃၈၀ ထုတ်ယူနိုင်မည့် ရေကာတာတခု တည်ဆောက်လျှက်ရှိသည်။ ထို့အတူ ပလက်ဝမြို့နယ်၊ လေမြို့မြစ်ပေါ်တွင် မီကာဝပ် ၆၀၀ ထုတ်ယူနိုင်မည့် ရေကာတာတခုကို ယခုနှစ် မေလအတွင်းက စတင်ဆောက်လုပ်နေပြီဖြစ်သည်။ ဤရေကာတာ(၂)ခုမှ ထုတ်ယူရရှိမည့်

လျှပ်စစ်စွမ်းအင်များသည် ချင်းပြည်နယ်အတွင်း အသုံးပြုရန် မဟုတ်ပဲ၊ ပြည်မနှင့် အိမ်နီးချင်းပြည်ပနိုင်ငံများသို့ ရောင်းချရန်ဖြစ်သည်။ ဤမျှသော လျှပ်စစ်စွမ်းအင်အနက် မီကာဝပ် ၁၀၀ ကို ချင်းပြည်နယ်အတွက် အသုံးပြုမည်ဆိုပါက ချင်းပြည်နယ်၏ ဆင်းရဲမွဲတေမှုနှုန်းသည် တမဟုတ်ချင်း ထိုးကျသွားပေမည်။ သစ်တောဖြုန်းတီးမှုများလည်း ချက်ချင်းရပ်တန့်သွားမည်။ ရေမီးရှာဖွေရေးအတွက် ရင်းနှီးရသမျှ ငွေကြေး၊ လူအင်အားနှင့်အချိန်များကို အခြားလုပ်ငန်းခွင်သို့ ပြောင်းသုံးနိုင်ပေမည်။ ဧရိယာအကျယ်အဝန်းအရ ချင်းပြည်နယ်ထက်သေးငယ်သော်လည်း လူဦးရေနှင့် လူနေအိမ်ခြေတွင် ချင်းပြည်နယ်ထက် (၂) ဆပိုများသည့် မီဇိုရမ်ပြည်နယ်တခုလုံး မြို့ပြမှနယ်စပ်တောရွာအထိ နေ့စဉ် ၂၄ နာရီလုံးလုံး လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓါတ်အားလိုအပ်မှုမှာ မီကာဝပ် (၁၂၀) ဖြစ်ပြီး၊ လက်ရှိအခြေအနေတွင် မီကာဝပ် (၆၀) ခန့်သာ ပေးဝေနိုင်သည်။ သို့သော် တရက်တနာရီကြာ ၂ခါလောက် လျှပ်စစ်မီးပျက်မှုမှတပါး လျှပ်စစ်မီးပြတ်လပ်ကြောင့် ပြည်သူများအတွက် အခက်အခဲမရှိလှပါ။ လက်ရှိချင်းပြည်နယ်ရှိ မြို့အများစုတွင် သုံးရက်လျှင် တစ်ရက် (တပတ်နှစ်ရက်) သာလျှပ်စစ်မီးရရှိသည်။

ဖန်ဆင်းရှင်က အခြားသောတိုင်းပြည်၊ အခြားသောဒေသများနှင့် မတူအောင် ဖန်တီးပေးထားသည့် တောတောင်၏ ဘာဘာဝရေမြေအနေအထားနှင့် သဘာဝအရမျှတသည့်အပူအအေး ရာသီဥတုများ ချင်းလဲန်တွင် ယနေ့အထိ သဘာဝအတိုင်းတည်ရှိနေပါသည်။ ဤအရာများကို ထိန်းသိမ်းရင်း ချင်းပြည်အတွင်း ကုန်ထုတ်လုပ်မှုများလုပ်ဆောင်နိုင်ရန် ချင်းပြည်က သားကောင်း၊သမီးကောင်းရတနာများ နေ့စဉ် မွေးဖွားပေးလျှက်ရှိပါသည်။ မိမိတို့၌တည်ရှိသည့် သဘာဝအရင်းအမြစ်များကို မသိရှိ၊ အသုံးမပြုတတ်လျှင် တိုးတက်မှုနှင့်အမြဲ အလှမ်းဝေးနေရမည်သာဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ကြီးဖြစ်သည်။ နည်းပညာဖန်တီးမှုနှင့် တတ်ကျွမ်းမှုသည် အရေးအကြီးဆုံးနှင့်တန်ဘိုးအရှိဆုံးဖြစ်သည်။ ယနေ့ကမ္ဘာ့ အချမ်းသာဆုံးသော ပုဂ္ဂိုလ်များသည် ကျောက်ကုန်သည်များမဟုတ်ပါ။ နည်းပညာ ပိုင်ဆိုင်သူများသာဖြစ်ကြသည်။ နည်းပညာပိုင်ဆိုင်ရန် အရေးကြီးဆုံးသော ရင်းမြစ်သည် လူသားအရင်းအမြစ် Human resource ပင် ဖြစ်သည်။

သည့်လိုဆိုလျှင် . . . ချင်းတောင်မှာဘာပေါသလဲ?
"ချင်းတောင်မှာတောင်ပေါတယ" မှန်ပါသည်။ ချင်းတောင်ကို ဤအတိုင်းကြည့်လျှင် တောင်များသာမြင်ရပါသည်။ ထိုတောင်များပေါ်တွင်ကား သစ်ပင်၊ ဝါးပင်များ အများအပြားရှိသည်။ သားရဲတိရိစ္ဆာန်များလည်းရှိသည်။ ထိုတောင်များက မြစ်ချောင်းအင်းအိုင်အများအပြားကို ကွယ်ဝှက်ထားပါသည်။ ထိုတောင်များပေါ်တွင် အလုပ်အကိုင်မဲ့ဖြစ်နေသည့် ချင်းပြည်သူ (လူသားအရင်းအမြစ်) အများအပြား ရှိပါသည်။

လူသားအရင်းအမြစ် (Human resource) ဆိုတာဘာလဲ?
လူသားအရင်းအမြစ်ဟု ဆိုရာတွင် နိုင်ငံတစ်နိုင်ငံအတွင်း ထိုနိုင်ငံ၏ နိုင်ငံသားအဖြစ်ခံယူထားသော ချမ်းသာသည့် လူတန်းစားအလွှာ၊ အလယ်အလတ်လူတန်းစားအလွှာ၊ အခြေခံ လူတန်းစားအလွှာရှိ သက်ကြီး၊ သက်လတ်၊ သက်ငယ်အရွယ်သုံးပါးစလုံးတွင် ကိုယ်လက်အင်္ဂါပြည့်စုံသူ၊ ဉာဏ်ရည်ထက်မြက်သူ၊ ကိုယ်လက် အင်္ဂါပြည့်စုံခြင်းမရှိသူ၊ ဆွံ့အ နားမကြားသူ၊ ဉာဏ်ရည်နိမ့်ပါးသူ၊ ထောင်တွင်းအကျဉ်းကျပြစ် ဒဏ်ခံနေရသူများ အားလုံးပါဝင်သည်။ ထိုသူများအားလုံးသည် နိုင်ငံတစ် နိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်ကြသည်။ နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်အားလုံးအရည်အသွေး တိုးတက်တောက်ပြောင်လာသည်နှင့်အမျှ တိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာမည်သာဖြစ်သည်။

## မတူပီဆက်ဆံရေးရုံးဖွင့်ပြီ

ချင်းအမျိုးသားတပ်ဦး၏ မတူပီဆက်ဆံရေးရုံး (Liaison Office) ဖွင့်ပွဲကို ၂၀၁၂–ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့ ဒေသစံတော်ချိန် မနက် ၁၀း၀၀ မှ ၁၂း၀၀ နာရီ အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထိုဖွင့်ပွဲအခမ်းအနားတွင် ချင်းအမျိုးသားတပ်ဦး၊




**ဆက်ဆံရေးရုံးဖွင့်ပွဲ အခမ်းအနား**

အဓိပတိကောင်စီဝင်များဖြစ်ကြသော ပူးထန်ယဲန်း၊ ပူးအိပ်ချ်စီရာလ်နှင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ချင်းပြည်နယ်နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဌ ဦးအုံးလွင်နှင့် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့မှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ပုဂိုလ်များ ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ လူငယ် အဖွဲ့အစည်းများမှ ပုဂိုလ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ဒေသခံပြည်သူလူထုများ တက်ရောက်ကြသည်။ အဆိုပါဖွင့်ပွဲတွင် မတူပီဆက်ဆံရေးရုံးတာဝန်ခံ ပူးထန်ယဲန်းမှ ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပြည်သူ့တွေ့ဆုံပွဲ (Public Consultation)၊ ဆက်ဆံရေးရုံးထားရှိရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြခဲ့သည်။

ယင်းဆက်ဆံရေးရုံးကို မတူပီမြို့၊ လောင်ဇန်းရပ်ကွက် ဦးစန်ပိုင်နေအိမ်အားငှါးရမ်းဖွင့်လှစ်ထားခြင်းဖြစ်သည်။ ချင်းအမျိုးသားတပ်ဦးနှင့် အစိုးရအကြားပထမအကြိမ် ပဏာမငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ချင်းပြည်နယ်အတွင်း ဆက်ဆံရေးရုံး(၃)ခုကို ဖွင့်လှစ်ရန် သဘောတူညီထားသည်။ တီးတိန်နှင့်ထန်တလန်မြို့များတွင်လည်း ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရေးရုံးများကို ဆက်လက်ဖွင့်သွားမည်ဖြစ်သည်။

# ထာဝရတည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း

**သောမတ်စ်ထန်နိုး**

ကျွန်ုပ်တို့ချင်းအမျိုးသားတို့သည် နယ်ချဲ့ ဗြိတိသျှ လက်အောက်သို့မကျရောက်ခင် ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်စွာနေလာခဲ့သော လူမျိုးဖြစ်သည်။ နယ်ချဲ့ အင်္ဂလိပ်တို့က စစ်ကြောင်း (၃)ကြောင်းဖြင့် ဆယ်နှစ်ဆယ်မိုး တိုက်ခိုက်လာခဲ့ပြီးမှ ၁၈၉၅–ခုနှစ်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ အင်္ဂလိပ်တို့ လက်အောက်ကိုလိုနီဘဝ မရောက်ခင် ချင်းလဲန်းတွင် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောဒေသများရှိနှင့်ပြီး ဖြစ်သည်။ ချင်းတော်လှန်ရေးခေါင်းဆောင် ကွမ်ဘိခ် (Con Bik) အုပ်ချုပ်ခဲ့သော တာဆွန်း (Tlai Sun) နယ်မြေတွင် တာဆွန်းဒီမိုကရေစီနည်းအရ ပြည်သူလူထုက ရွေးချယ်သသော (Ram Uk) ရမ်အုပ်မင်း ခေါင်းဆောင်များက အုပ်ချုပ်ခဲ့ကြသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးကို ပိုမိုလျှင်မြန်စွာရလိုသော ချင်းအမျိုးသား တို့သည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်အစိုးရနှင့် ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်တို့သည် တောင်ပေါ်မြေပြန့်တပြိုင်တည်း လွတ်လပ်ရေးရယူနိုင်ရန် အလို့ငှါ တိုင်းရင်းသားခေါင်းဆောင်များ၏ တင်ပြချက်များ၊ဆွေးနွေးချက်များ၊ အပြန် အလှန် နားလည်သဘောပေါက်မှုများ၊ ဂတိကဝတ်များနှင့် သဘောတူညီချက်များ နှင့်အတူ နောက်ဆုံးတွင် သမိုင်းတွင်မည့် ပင်လုံစာချုပ်ကို လက်မှတ်ရေး ထိုးနိုင်ခဲ့ကြ သည်။ ဤစာချုပ်၏ အနှစ်သာရမှာ ပြည်ထောင်စု ဖွဲ့စည်းရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိ ရေး၊ ဒီမိုကရေစီရရှိရေးပင်ဖြစ်သည်။

၁၉၆၁–ခုနှစ်၊ ဇွန်လ တွင်ပြုလုပ်ခဲ့သော ဗမာမဟုတ်သည့် တိုင်းရင်းသားခေါင်း ဆောင်များသည် တောင်ကြီးမြို့တွင် ညီလာခံကြီးတရပ်ကျင်းပခဲ့ကြသည်။ ဤညီ လာခံကြီး၏ ဆုံးဖြတ်ချက်ရလာဒ်သည် ၁၉၄၇–ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စုစစ်စစ်မူအရ ပြင်ဆင်ရန်ပင်ဖြစ်သည်။ ဗမာမဟုတ်သော တိုင်းရင်းသားများ၏ နိုင်ငံရေးစုစည်းမှုအမြင့်မားဆုံး ရောက်ရှိခဲ့ပြီး ၎င်းတို့၏နိုင်ငံရေး လိုအင်ဆန္ဒဖြစ်သည်နှင့်အညီ ၁၉၆၂–ခုနှစ်၊ မတ်လ (၂) ရက်နေ့ တွင် ပြည်သူ့လွှတ်တော်သို့ တင်သွင်းရန်ဖြစ်သည်။ ထိုစဉ်က ဦးနု၏ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ရေးကို အကြောင်းပြု၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရန်အခြေအနေ ဆိုက်ရောက်လာသောအခါ တိုင်းရင်းသား ခေါင်းဆောင်များသည် ဦးနုက အခြေခံဥပဒေကို ပြင်ဆင်ပေးပါက ဦးနုအား ထောက်ခံကြမည်ဖြစ်ပြီး မပြင်ဆင်ပါက မထောက်ခံဘဲနေကြမည်ဖြစ်သည်။ ထို့ကြောင့် ဦးနုကလည်း မိမိအာဏာ ဆက်လက်ရရှိနိုင်ရန်အတွက် တိုင်းရင်းသား များ၏ နိုင်ငံရေးလိုအင်ဆန္ဒဖြစ်သော အခြေခံဥပဒေပြင်ဆင်ရေးကို မဖြစ်မနေ လုပ်ဆောင်ရမည့်အခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြင်ဆင်ရေးအဆိုကို ပြည်သူ့ လွှတ်တော်သို့မတင်သွင်းခင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၂– မတ်လ (၂) ရက်နေ့တွင် နိုင်ငံတော် အာဏာကို သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စု စစ်စစ်မူကို ခွဲထွက်ရေးမူဟု မဟုတ်မမှန်စွပ်စွဲ အကြောင်းပြကာ အာဏာသိမ်းပိုက် ခြင်းဖြစ်သည်။

၁၉၇၄–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတည်မပြုမှီ ၁၉၆၈–ခုနှစ် ဒီဇင်ဘာ လ (၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီမှ ကြေ ညာချက်အမှတ် (၇၄) ကို ထုတ်ပြန်ပြီး တိုင်းရင်းသားအားလုံးအား ပြည်တွင်းညီ ညွတ်ရေးအကြံပေးချက်တောင်းခံခဲ့သည်။ ချင်းအမျိုးသားများက အချက်ပေါင်း (၁၅၀) ကျော်ပါဝင်သည့် တန်းတူအဆင့်တူ အခွင့်အရေးတူ ပြည်ထောင်စုတည် ဆောက်ရေးဆိုင်ရာ အကြံပေးလွှာကိုဖြူစင်ရိုးသားစွာ တင်သွင်းခဲ့ကြသည်။ သို့သော် အကြံပေးသူ ဟု မသင်္ကာခံရသည့် ချင်းအမျိုးသား (၇၀)ကျော်တို့သည် ဆန်ကာတင်လူဖမ်းပွဲလှည့်ကွက်ထဲသို့ ကျ ရောက်သွားခဲ့ပြီး ဖမ်းဆီးထောင်ချခြင်း ခံခဲ့ကြရသည်။ အချို့မှာ ထောင်ထဲတွင် အသက်ဆုံးရှုံးခဲ့ကြပြီး အများစုမှာ ၁၉၇၄– ခုနှစ်တွင် ထောင်မှ ပြန်လွတ်ခဲ့ကြသည်။

၁၉၈၈–ခုနှစ်၊ မတ်လ (၂၀)ရက်တွင် ဖွဲ့စည်းခဲ့သော ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်သည် ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)ရရှိရေး၊ ဒီမိုကရေစီရရှိရေး တို့ပင်ဖြစ်သည်။ ဤအချက် (၃) ချက်တို့သည် ချင်းအမျိုးသားတို့က အချိန်ကြာမြင့်စွာကပင် လို လားခဲ့ပြီး ယနေ့အထိ နိုင်ငံရေးလိုအင်ဆန္ဒပင်ဖြစ်သည်။ တပ်ဦးသည် ဤအချက် (၃) ချက်ကို တတ်စွမ်းသလောက် လိုလားအကောင်အထည်ဖော်လိုသော မည်သူမ ဆို၊ အဖွဲ့အစည်းမဆို၊ လက်ခံပြီး ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၂–ခုနှစ် ဇန် (၅–၆)နေ့တွင် ချင်းပြည်နယ်အစိုးရနှင့် အချက်(၉) ချက်ပါသော ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်ကိုသော်လည်းကောင်း၊ ၂၀၁၂–ခုနှစ်၊ မေလ (၆) ရက်နေ့တွင် အချက် (၁၅) ချက်ပါသော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကိုသော်လည်းကောင်း၊ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤတွင် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးရမည့် အခြေခံမူ (၆)ခုကို သဘောတူခဲ့ကြသည်။ ထိုအ ခြေခံမူ (၆) ခုတို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုအရေး၊ ဒီမိုက ရေစီထွန်းကားရေးနှင့် တိုင်းရင်းသားများအရေး စသည်တို့ဖြစ်ကြသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်သဖြင့် လူမျိုး၊ သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ မတူကွဲပြားခြားနားသော လူမျိုးများ တို့သည် နယ်မြေအသီးသီးကို ပိုင်ဆိုင်၍သော်လည်းကောင်း၊ နယ်မြေတခုတွင် စုပေါင်းပိုင်ဆိုင်၍သော်လည်းကောင်း၊ နှစ်ပေါင်းများစွာ နေလာခဲ့ကြသည်။ လူဦးရေ အတော်အတန် ရှိကြပြီး သီးသန့်နယ်မြေကို ပိုင်ဆိုင်ခဲ့ကြသလို ရောပြွမ်းယှဉ်တွဲနေ ထိုင်လာခဲ့ကြသည်။ ဤသို့ မတူကွဲပြားခြားနားမှုများကို အပြန်အလှန်အသိ အမှတ်ပြုကာ သီးခြားလူမျိုးတို့၏ လူမျိုးဂုဏ်အင်္ဂါလက္ခဏာများ၊ အခွင့်အရေးများ၊ လူမျိုးစု၊ လူနည်းစု၏ အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ယဉ်ကျေးမှု၊ဘာသာ၊ စာပေ၊စကား၊ ဓလေ့ထုံးစံဆိုင်ရာ အခွင့် အရေးများ ... စသည်တို့ရရှိပြီး ဥပဒေအရ အကာအကွယ်ပေးအာမခံချက်ပေးမှသာ တိုင်းရင်းသားပြဿနာ ပြေလည် သွားနိုင်မည်ဖြစ်သည်။

သမ္မတဦးသိန်းစိန်က ၁/၂၀၁၁ အမိန့်ကို ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ပြီး တိုင်းရင်း လက်နက်ကိုင် အဖွဲ့အစည်းများကို အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးဆွေးနွေးရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းလာခဲ့သည်။ အကယ်၍ တိုင်းရင်းသား ပြည်သူ လူထုအလွှာပေါင်းစုံ ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊

ပြည်ထောင်စုပြည်နယ်အစိုးရမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ရှိ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စသည်ဖြင့်ပါဝင်သော နိုင်ငံရေးအစည်းအဝေးကြီးတရပ် ကျင်းပနိုင်ပြီး ရရှိလာသောသဘောတူညီချက်များနှင့်အညီ အခြေခံဖွဲ့စည်းပုံကို ပြင်ဆင်နိုင်လျှင် မှန်ကန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု (Political Transformation) ဖြစ်လာမည်။ မှန်ကန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲခြင်းဆိုရာ၌ တိုင်းရင်းသား ပြည်သူ လူထုကိုယ်စားလှယ်များ၏ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှု၊ ဆွေးနွေးသဘော တူညီမှုများအထိ ရပ်တံ့မနေဘဲ သဘောတူညီချက်များနှင့်အညီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအပါအဝင် လက်တွေ့လုပ်ငန်းဖော်ဆောင်ခြင်းများ ပါဝင်ပေသည်။ ထို့အပြင် နိုင်ငံရေးဆွေးနွေးရာတွင် လက်နက်အင်အားဖြင့် ဖိအားပေးခြင်း အဓမ္မဆန်ခြင်း၊ အကြပ်ကိုင်မှုမျိုးမဖြစ်သင့်ဘဲ သက်ဆိုင်ရာတိုင်းရင်းသား တို့၏လွတ်လပ်စွာ ထုတ်ဖော်သော နိုင်ငံဆန္ဒဖြစ်သင့်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးမှုသည် အချိန်ကာလတခုအတွက် ရည်စူးပြီး ငါနိုင်သူနိုင် သဘောမျှသာ မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံရေးအတိုးအလျော့ ညှိနှိုင်းကြရန် လိုအပ်သည်။

တိုင်းရင်းသားလူမျိုးများ၏ ပြဿနာနှင့်ဒီမိုကရေစီဆိတ်သုဉ်းမှုပြဿနာများကို ဖြေရှင်းကြရာတွင် နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည် အမှန်ကန်ဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကို မသုံးဘဲ စစ်အင်အားသုံး ဖြေရှင်းနည်းကျင့်သုံးကြသဖြင့် ယနေ့တိုင် မပြီးဆုံးနိုင်သော အမုန်းပွါးသံသယပွါး နားလည်မှုကင်းမဲ့ပြီး ပြည်တွင်းစစ်တောက်လောင်နေခြင်းဖြစ်သည်။ တိုင်းပြည်နှင့် တိုင်းရင်းသား ပြည်သူလူထုအပေါ် ဖြူစင်သောစေတနာနှင့် မှန်ကန်သော အမျိုးသား အမြင်ထားရှိရန် လိုအပ်လှပါသည်။ ၎င်းစေတနာနှင့် မှန်ကန်သော အမျိုးသားအမြင်မှာ စစ်မှန်သော ပြည်ထောင်စုကို တည်ဆောက်မှသာ တိုင်းရင်းသားအရေးနှင့် ဒီမိုကရေစီအရေး ဖြေရှင်းနိုင်မည်ဟု ခံယူခြင်းပင်ဖြစ်သည်။ နိုင်ငံရေးနှင့် လူမျိုးရေးအရ တန်းတူမှုအဆင့်တူမှု အပြန်အလှန် လေးစားအသိအမှတ်ပြုမှုရှိမှသာ ယုံကြည်မှု တည်ဆောက်နိုင်ကြမည်ဖြစ်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေး တည်ဆောက်နိုင်ကြမည် ဖြစ်သည်။

ချင်းအမျိုးသားများ၏ နိုင်ငံရေးလိုအင်ဆန္ဒ (သို့မဟုတ်) တိုင်းရင်းသားပြည်သူများ၏ နိုင်ငံရေး လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန်လူမျိုးအရ၊ သမိုင်းအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာစကားဓလေ့ထုံးစံ အရ၊ အပြန်အလှန်အသိအမှတ်ပြုကြပြီး တန်းတူအဆင့်တူ၊ ပြည်ထောင်စုစစ်စစ် တည်ဆောက်ရန် လိုအပ်သည်။ ပြည် ထောင်စုစစ်စစ် တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လည်းရရှိနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ လုံခြုံမှုနှင့် စီးပွါးအကျိုး တူရရှိရေးတို့အတွက် တန်းတူမှုရှိ အခွင့်အလမ်းတူရှိ တရားမျှတမှုရှိသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းတည်ဆောက်လိုကြခြင်း ဖြစ်သည်။ သို့မှသာ မည်သည့်တိုင်းရင်းသားလူမျိုးကမှ ပြည်ထောင်စုထဲမှ ခွဲထွက် လိုမည်မဟုတ်ဘဲ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲပြီး ထာဝရတည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်သည်။

## ထန်တလန်ဆက်ဆံရေးရုံး ဖွင့်ပြီ

ချင်းအမျိုးသားတပ်ဦး CNF ၏ ဒုတိယမြောက် ဆက်ဆံရေးရုံးဖွင့်ပွဲကို ချင်းပြည်နယ်၊ ထန်တလန်မြို့ ၌၂၉–၆–၁၂ ရက်နေ့ ညနေ ၂ နာရီမှ ၆ နာရီတွင် ပြုလုပ်ခဲ့သည်။



ဗိုလ်မှူးကြီးဇော်မင်းဦးက ဆက်ဆံရေးရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

အဆိုပါ ရုံးဖွင့်ပွဲကို ချင်းပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူ (၄၀၀) ခန့်တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် ချင်းအမျိုးသားတပ်ဦး အဓိပတိကောင်စီဝင်လည်းဖြစ်၊ ထန်တလန်ဆက်ဆံရေးရုံးတာဝန်ခံလည်းဖြစ်သည့် ပူးအိပ်ချ်စီရာလ်နင်းမှ အဖွင့်မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ အဓိကရင်ဆိုင်ရသော နိုင်ငံရေးပြဿနာနှင့် ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုအကြောင်းကို ထည့်သွင်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြို့တော်ခန်းမဆောင်၌ ဒေသခံလူထု၊ ချင်းအမျိုးသားပါတီ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များနှင့် ဆက်လက်တွေ့ဆုံခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ ထန်တလန်ဆက်ဆံရေးရုံး ကို ထန်တလန် မြို့ကျောင်းရပ်ကွက်တွင် ဖွင့်လှစ်ထားရှိပြီး စုစုပေါင်းရုံးဝန်ထမ်း (၆) ဦး ဖြင့် ရုံးလုပ်ငန်း လည်ပတ်ကြမည်ဖြစ်သည်။

